# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ပဉ္စမနေ့အစီအစဉ်

# [ ၁–၈–၂၀၁၆ ] ( တနင်္လာနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးကျော်စိုး၊ ဗန်းမော် မဲဆန္ဒနယ်၏ **ဗန်းမော်မြို့နယ်အတွင်းရှိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်နေသော လယ်မြေ၊ ယာမြေများကို စွန့်လွှတ်ပေးရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **တောင်ကြီးခရိုင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်ရှိ သစ်တောဦးစီးဌာနအား ကလောမြို့နယ် လက်အောက်ခံအဖြစ် မထားရှိဘဲ မြို့နယ်သစ်တောဦးစီးဌာနဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းသန့်ဇင်၊ သီပေါ မဲဆန္ဒနယ်၏ **သီပေါမြို့နယ်၊ နမ္မကျေးရွာအုပ်စု၊ နားကွန်ကျေးရွာနှင့် ပြိန်းဆိုင်းကျေးရွာ နယ်နိမိတ်အတွင်း ငွေရည်ပုလဲ ကုမ္ပဏီသည် ၂၀၀၄ ခုနှစ်မှစ၍ ယနေ့ထိတိုင် ဧက (၃၀)ခန့် ရှိသည့် ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းကို လုပ်ကိုင်နေခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစောကျော်ဝင်းမောင်၊ ကျိုက်မရော မဲဆန္ဒနယ်၏ **တစ်နိုင်ငံလုံးအတိုင်း အတာအရ ကျောက်မီးသွေး စွမ်းအင်သုံး စက်ရုံတစ်ခုချင်းအလိုက် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု အခြေအနေ လေ့လာစိစစ်ရေး ပညာရှင်အဖွဲ့ တစ်ရပ်ဖွဲ့စည်း၍ သုတေသနပြု စိစစ်သုံးသပ်ချက်များ ထုတ်ပြန်ပေးနိုင်ရန် စီစဉ်ဆောင်ရွက် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတိုးသောင်၊ မိုးမိတ် မဲဆန္ဒနယ်၏ **မိုးကုတ်မြို့နယ်အတွင်းမှ စီးဆင်းလာသော ကျောက်ဆေးရေများကြောင့် မိုးမိတ်မြို့နယ်ရှိ ကင်းချောင်းရွာ အ.ထ.က(ခွဲ) စာသင်ကျောင်း၊ ခရစ်ယာန် ဘုရားကျောင်းနှင့် ကျေးရွာအချို့၏ လယ်မြေ ၂၁၅၈ ဧကနှင့် ယာမြေ ၄၀၅ ဧက တို့မှာ ပျက်စီးနေသောကြောင့် မည်သို့ ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်က **"ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင် အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့် ပွင့်လင်းရာသီတွင် တာတမံများ ကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း "** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ဥပဒေကြမ်းကော်မတီက **"အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် **"အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နား ကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။